# မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ စောင့်ကြည့်လေ့လာသည့်စနစ် ထူထောင်မှုဆိုင်ရာ သတ္တမအကြိမ် Virtual ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၇) ရက်နေ့၊ နေပြည်တော်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် ဒိန်းမတ်နိုင်ငံအစိုးရ၏ အကူအညီဖြင့် အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းဖြစ်သည့် The United Nations University World Institute for Development Economics Research (UNU–WIDER) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ စောင့်ကြည့်လေ့လာသည့်စနစ် ထူထောင်မှုဆိုင်ရာ သတ္တမအကြိမ် Online Virtual ဦးဆောင်ကော်မတီ အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၇) ရက်နေ့ မွန်းလွဲ (၂ : ၃၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. John Nielsen က MEMS အကောင်အထည် ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNU–WIDER အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ဆက်လက်၍လည်း ဒိန်းမတ်အစိုးရအနေဖြင့် SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ကူညီထောက်ပံ့မှုများ ထပ်မံပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး UNU–WIDER နှင့် ကိုပင်ဟေဂင်တက္ကသိုလ်မှ Professor Mr. Finn Trap က Myanmar Enterprise Monitoring System(MEMS) နှင့် Social Accounting Matrix (SAM) Project ဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေး တင်ပြခဲ့ပါသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က MEMS နှင့် SAM Project ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဆွေးနွေး အတည်ပြုခဲ့ပါသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း (၂၃) ဦး တက်ရောက်ခဲ့ကြပါသည်။




Zoom Meeting
DGCSO
Finn Tarp
Sandar Hla
John's iPad
Toe Kyaw Hlaing
Iina Kuuttila
John's iPad
ENG
US
2:41 PM